## HOW CAN WE DEVELOP GOOD READING HABITS TODAY?

## ယနေ့ကောင်းမွန်သောစာဖတ်ခြင်းအလေ့အထများကိုမည်ကဲ့သို့တိုးတတ်စေနိုင်မည်နည်း။

*“ငါမလာမှီတိုင်အောင်၊ကျမ်းစာကိုဖတ်ခြင်း၊တိုက်တွန်းသွေးဆောင်ခြင်း၊ဆုံးမသြဝါဒပေးခြင်းကိုကြိုးစား၍ပေးကြလော့။”* (၁ တိ ၄း၁၃)

ကျွန်ုပ်တို့သည်အာရုံပျံ့လွင့်နေသည့်လောကကြီးထဲတွင်နေထိုင်နေကြပြီးလူမှုမီဒီယာနှင့်မိုဘိုင်းလ်ဂိမ်းများနှင့်ညဏ်စမ်းပဟေဠိများလွှမ်းမိုးလာသည်နှင့်အမျှကောင်းမွန်သောစာအုပ်များကိုဖတ်ရှုခြင်းသည်လူအများစု၏စိတ်ထဲ၌နောက်ဆုံးသောအရာဖြစ်သည်။၎င်းသည်ကျွန်ုပ်တို့နှစ်သက်သောအရာများကိုသာမကကျွန်ုပ်တို့၏ဝိညာဉ်အတွက်မှန်ကန်သောအရာများကိုလုပ်ဆောင်ရန်နှင့်စဉ်းစားဆင်ခြင်ရန်ကောင်းမွန်သောမေးခွန်းတစ်ခုဖြစ်သည်။နှစ်ကုန်ပိုင်းသို့နီးကပ်လာပြီး(၂၀၂၆)ခုနှစ်အတွက်နှစ်သစ်ဆုံးဖြတ်ချက်များချမှတ်သည်နှင့်ပိုမိုထိရောက်သောစာဖတ်ရှုနည်းနှင့်ကျွန်ုပ်၏ဝိညာဉ်ရေးရာကြွယ်ဝမှုအတွက်ကျွန်ုပ်တို့၏ယုံကြည်ခြင်းတွင်မည်ကဲ့သို့ကြီးထွားရမည်ကိုအောက်ပါအကြံပြုချက်များကိုစဉ်းစားဆင်ခြင်ပါ။

### ထိရောက်သောစာဖတ်ခြင်းအတွက်အကြံပြုချက်များ။

### Tips On Effectual Reading

**(၁)**။သင့်အတွက်အသင့်တော်ဆုံးနေရာ၊အရှိန်အဟုန်နှင့်အချိန်ကိုစဉ်းစားပါ(ဆိုလိုသည်မှာ-တစ်လလျှင်စာအုပ်တစ်အုပ်သို့မဟုတ်တစ်အုပ်ထဲပို၍မနက်သို့မဟုတ်ညအချိန်တွင်ဖတ်ရှုရန်ဖြစ်သည်။)

**(၂)**။စိတ်ကြည်လင်စေရန်ဦးစွာဆုတောင်းပြီး၊ဂရုတစိုက်ဖတ်ရှု၊စဉ်းစားပါ။ကောင်းမွန်သောခရစ်ယာန်စာအုပ်များသည်သင့်အားစဉ်းစားစရာ၊အစားအစာဖြစ်စေပါ။သင်ဖတ်ရှုသောအရာကိုဝေဖန်ပိုင်းခြားပြီး၊အကြောင်းအရာကိုခွဲခြားစိတ်ဖြာပါ။ပိုင်းခြားသိမြင်နိုင်စွမ်းရှိပြီး၊သမ္မာကျမ်းစာမှလွဲ၍သင်ဖတ်သမျှကိုယုံကြည်ယုံသက်သက်မယုံပါနှင့်။အားလပ်ချိန်များတွင်စဉ်းစားဆင်ခြင်ပါ။၎င်းသည်မှန်ကန်ပြီး၊သက်ဆိုင်မှုရှိပါသလား။ရှောင်ရှားရမည့်အရာ(သို့မဟုတ်)သင်ယူရမည့်သင်ခန်းစာ(သို့မဟုတ်)လိုက်နာရမည့်ပုံစံရှိပါသလား။စကားစုအသစ်၊အချက်အလက်(သို့မဟုတ်)စကားလုံးအသစ်တစ်ခုကိုသင်ယူသည့်အခါသင့်အတွေးအမြင်များရှိပါက၊စာအုပ်တစ်အုပ်တွင်ရေးမှတ်ထားကာ၊နောက်တစ်ကြိမ်အသုံးပြုနိုင်သည့်အချိန်တွင်အသုံးပြုပါ(ဆိုလိုသည်မှာ-လူတစ်ဦးသည်သူ၏ဝေါဟာရကိုမည်ကဲ့သို့တိုးတတ်စေနိုင်မည်နည်းဟူ၍ဖြစ်သည်။)

**(၃)**။ပိုင်းခြားသိမြင်နိုင်စွမ်းရှိရှိဖတ်ရှုပြီး၊၎င်းအကြောင်းကိုပြောဆိုပါ။ဂျွန်မက်အာသာ၊ဂျိုးလ်ဘီးဂီး၊ဩပဲင့်ခ်၊စပေါဂျင်၊ဖာဂူဆန်နှင့်ပီတာမာစတာစ်တို့ကဲ့သို့သောကောင်းမွန်သောဆရာရေးဆရာများနှင့်ရင်းနှီးကျွမ်းဝင်ပါ။စာအုပ်နှင့်ပတ်သက်သည့်သင့်အမြင်များကိုအခြားသူများအားဝေ၄ပြီး၊စာအုပ်၏သက်ဆိုင်မှုနှင့်အရေးပါမှုကိုအကဲဖြတ်ပြီးနောက်(ဆိုလိုသည်မှာ-အထူးသဖြင့်သမ္မာကျမ်းစာမှ)အခြားသူများအားစာအုပ်များအကြောင်းရေးသားခြင်းသို့မဟုတ်နှုတ်ဖြင့်အကြံပြုချက်များကိုပေးပါ။သူတို့၏အတွေ့အမြင်များကိုလည်းသင့်ထံမျှဝေပါစေ။၎င်းသည်ဝိညာဥ်ရေးရာဆွေးနွေးမှုကိုများစွာကိုကြွယ်ဝစေမည်ဖြစ်ပြီး၊၎င်းသည်သင့်အသိပညာကိုစမ်းသပ်ပြီး၊မျှဝေရန်အကောင်းဆုံးနည်းလမ်းများထဲမှတစ်ခုဖြစ်သည်။

**(၄)**။၎င်းအကြောင်းကိုဖတ်ရှုပြီး၊ရေးသားပါ။စိန်ခေါ်မှုကိုခံယူပါ။ဝီလီယံကေရီ၊အာဒေါ့နီးရမ်းဂျက်ဆန်သို့မဟုတ်ဒေးဗစ်ဘရိမ်းဒ်ကဲ့သို့ကောင်းမွန်သောခရစ်ယာန်အတ္ထုပ္ပတ္တိတစ်ပုဒ်သည်သင့်အားလှုံ့ဆော်ပေးပြီး၊၎င်း၏သုံးသပ်ချက်သို့မဟုတ်အကျဥ်းချုပ်ကိုရေးသားပြီး၊ဂုဏ်ပြုသင့်သည့်အခါစာရေးသူအားဂုဏ် ပြုပါ။ကောင်းမွန်သည့်အယူဝါဒစာအုပ် (ဥပမာ Christology သို့မဟုတ် Soteriology သို့မဟုတ်ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်း)သည်ဘုရားသခင်ကိုပိုမိုနားလည်စေရန်သင့်အားလမ်းညွှန်ပေးပါစေ။(ဥပမာ-ဝီလီယံဂတ်သရီ၊ခရစ်ယာန်တစ်ဦး၏ကြီးမားသောစိတ်ဝင်စားမှု)။ဘာသာရေးစာအုပ်တစ်အုပ်သည်ကိုယ့်ကိုကိုယ်ဆန်းစစ်ခြင်းနှင့်ခရစ်တော်အတွက်ပိုမိုအပ်နှံခြင်းနှင့်အစေခံခြင်းတို့ကိုလှုံ့ဆော်ပေးပြီး၊ဘလော့ဒ်သို့မဟုတ်ဒိုင်ယာရီတွင်ရေးသားပါ။

**(၅)**။စနစ်တကျနှင့်ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုပါ။သင်၏အသိညဏ်ပညာသည်တစ်ဖက်စောင်းနင်းမဖြစ်စေရန်စာအုပ်အမျိုးအစားတစ်ခုတည်းကိုသာမဖတ်ပါနှင့်(ဥပမာ-စိတ်ကူးယဥ်ဝတ္ထု(သို့မဟုတ်)သိပ္ပံပညာ။)ဓမ္မပညာ၊အသင်းတော်သမိုင်း၊ ဓမ္မဟောင်းသို့မဟုတ်ဓမ္မသစ်ကျမ်းစာအုပ်များ၊နောက်ဆုံးသောကာလဆိုင်ရာစာအုပ်များ၊ခရစ်ယာန်ပညာရေး၊သမိုင်း၊အယူဝါဒဆိုင်ရာစာအုပ်များ၊ခရစ်ယာန်ကျင့်ဝတ်၊ဆုတောင်းခြင်း၊ဝတ်ပြုခြင်း၊စီးပွါးရေး၊ကမ္ဘာ့ဖြစ်ရပ်များ၊လူငယ်ပြဿနာများသို့မဟုတ်မိသားစုကိစ္စရပ်များ၊အိမ်ထောင်ရေးစသည်တို့နှင့်ပတ်သက်သည့်အရေးပါသောအကြောင်းအရာအပြည့်အစုံကိုဖတ်ရှုလေ့လာပါ။ဖြစ်နိုင်ပါက၊ဒေသခံသတင်းစာများနှင့်ဧဝံဂေလိဆိုင်ရာစာစောင်များ၊အပတ်စဥ်စာစောင်များသို့မဟုတ်မဂ္ဂဇင်းများသို့မဟုတ်နိုင်ငံတကာပထဝီဝင်ဆိုင်ရာစာအုပ်များကိုဖတ်ရှုပါ။

**(၆)**။မှတ်သားရန်၊မှတ်ချက်ပေးရန်သို့မဟုတ်အဓိကအချက်များနှင့်သင်ယူခဲ့သောသင်ခန်းစာများကိုရေးမှတ်ရန်ဘောပင်သို့မဟုတ်ခဲတံဖြင့်အမြဲမှတ်သားပြီး၊ဖတ်ရှုပါ။မှတ်စုတိုများသည်ရှည်လျားသောမှတ်ညဏ်များထက်ပိုကောင်းမွန်ပါသည်။"သွားရင်းလာရင်း"စာအုပ်တစ်အုပ်အမြဲဆောင်ထားပါ။မည်သည့်အပတ်တွင်မဆိုသင်၌အချိန်အနည်းငယ်သာရှိပါစေ။စာမျက်နှာအနည်းငယ်သာရှိစေကာမူစာဖ

တ်ရန်ကြိုးစားပါ။ဖြစ်ပေါ်လာပြီးသည်နှင့်ကောင်းမွန်သည့်စာဖတ်ခြင်းအလေ့အထသည်သင့်ဝိညာဉ်၏ကြွယ်ဝမှုအတွက်အဆက်မပြတ်စည်းကမ်းနှင့်လေ့ကျင့်မှုဖြင့်သင်နှင့်အတူရှိနေမည်ဖြစ်သည်(၁တိ-၄း၁၃)။

(၇)။ဘဝတစ်လျှောက်လုံးသင်၏ပထမဦးစားပေးရမည့်အရာမှာဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ရှုခြင်း၊လေ့လာခြင်း၊အသုံးပြုခြင်း၊တွေးတောဆင်ခြင်ခြင်း၊လက်တွေ့ကျင့်သုံးခြင်း၊ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့်အသိပညာတွင်ကြီးထွားလာခြင်းဖြစ်သည်။ဖြစ်နိုင်ပါကသုံးနှစ်အတွင်းတစ်နေ့လျှင်အခန်းကြီး(၃)ခန်းဖြင့်သမ္မာကျမ်းစာကိုဖတ်ရှုပါ။အခြားအကျိုးဖြစ်ထွန်းသည့်စာဖတ်ခြင်းအမျိုးအစားများသည်သမ္မာကျမ်းစာဖတ်ရှုချိန်ကိုအစားထိုး၍မရပါ။ဘုရားသခင်၏နှုတ်ကပတ်တော်သာလျှင်အမှားကင်းစင်ပြီး၊မှုတ်သွင်းခံရသည့်၊လုံလောက်မှုရှိပြီး၊အခွင့်အာဏာရှိကာ၊အခြားစာအုပ်များအားလုံးသည်သမ္မာကျမ်းစာနားလည်မှု၊ကောင်းမွန်သောအသုံးချမှုနှင့်စစ်မှန်သောအသိပညာကိုအသုံးပြုမှုကိုမြှင့်တင်ပေးမှသာကောင်းမွန်ခြင်းရှိပါသည်(၂တိ-၂း၁၅)။သင်၏အစွမ်းအစနှင့်အရင်းအမြစ်များကိုလုယူကာ၊ယုံကြည်ခြင်းနှင့်ကောင်းမွန်သည့်အသိပညာတွင်တည်ဆောက်မည့်ကောင်းမွန်သောစာအုပ်များရှိလိုအပ်ပြီး၊မှန်ကန်သောအကြောင်းအရာကိုအာရုံစိုက်သည့်သွန်သင်ဆုံးမမှုမရှိသောအကြောင်းအရာများတွင်သင်၏အချိန်ကိုမဖြုန်းတီးပါနှင့်။

## နိဂုံး။

စာဖတ်သူများသည်ခေါင်းဆောင်များဖြစ်ပြီး၊ယုံကြည်သူများအတွက်မှန်ကန်သောအရာများကိုသိရှိခြင်း၊သမ္မာကျမ်းစာနှင့်ကောင်းမွန်သောစာအုပ်များကိုကြိုးစားအားထုတ်၊ဖတ်ရှုခြင်းဖြင့်အသိပညာရှိရန်ကြိုးစားခြင်းသည်အကျိုးကျေးဇူးများစွာရှိပြီး၊သင်သည်ကောင်းမွန်သည့်စိတ်ဖြင့်ကြွယ်ဝစွာကောင်းကြီးခံစားရမည်ဖြစ်ပြီး၊သခင်အတွက်ပိုမိုထိရောက်သောဘဏ္ဍာစိုးနှင့်သက်သေခံတစ်ဦးဖြစ်လာမည်ဖြစ်သည်။

*ဤအရာသည်အထောက်အကူဖြစ်လိမ့်မည်ဟုမျှော်လင့်ပါသည်။*

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ - Myitta**